

# သင်၏ KidCare Anywhere ရက်ချိန်းသို့ တက်ရောက်ခြင်း

Children's Mercy KANSAS CITY

1. သင်၏ တယ်လီဖုန်းမှတစ်ဆင့် ဆေးကုသမှုခံယူသည့် ရက်ချိန်းမရောက်မီ 15 မိနစ်အလိုတွင် သင့်ထံ အီးမေးလ် သို့မဟုတ် စာတိုဖြင့် ပို့ထားသည့် လင့်ခ်ကို နှိပ်ပါ။
    - ထိုပေးပို့ထားသော လင့်ခ်ကို အခြားသူများထံ မမျှဝေပေးပါနှင့်။ ဤလင့်ခ်ကို လူပုဂ္ဂိုလ် 1 ဦးသာ ဝင်ရောက်သုံးစွဲနိုင်ပါသည်။
        - အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုတွင် အခြားသူများ ပါဝင်တက်ရောက်လိုပါက ဆေးခန်းပြသမှုစတင်သည်နှင့် ဝန်ဆောင်မှုပေးသူအား ပြောပြပေးပါ။





2. သင်၏ အင်တာနက်ဘရောက်ဇာ သို့မဟုတ် ကွန်ပျူတာတွင် KidCare Anywhere ကို ဖွင့်ပေးသွားပါမည်။
    - Mac ကွန်ပျူတာများအတွက် Safari သို့မဟုတ် Google Chrome အင်တာနက်ဘရောက်ဇာ အသုံးပြုရန် အကြံပြုပါသည်။

3. Continue ကို နှိပ်ပါ။




4. အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှု မစတင်မီ KidCare Anywhere သည် သင်၏ အင်တာနက်ဆက်သွယ်မှု၊ မိုက်ခရိုဖုန်းနှင့် ကင်မရာတို့ အလုပ်လုပ်ခြင်းရှိမရှိ စမ်းသပ်ပေးသွားမည်ဖြစ်သည်။

- KidCare Anywhere ကို သင်၏ မိုက်ခရိုဖုန်းနှင့် ကင်မရာ အသုံးပြုခွင့်ပေးရန် Allow ကို နှိပ်ပေးပါ။
- သင်၏ ကင်မရာ အလုပ်လုပ်ပါက စမ်းသပ်နေစဉ်အတွင်း စခရင်ပေါ်တွင် သင်ရုပ်ကို သင်မြင်တွေ့ရနိုင်ပါမည်။
- လိုအပ်လျှင် ကင်မရာနှင့် မိုက်ခရိုဖုန်း ပြောင်းသုံးရန် ဆွဲချမီနူးကို သုံးပါ။
- စမ်းသပ်မှု ပြီးဆုံးသွားသည့်အချိန်တွင် Proceed ကို နှိပ်ပေးပါ။




5. သင့်ကို အင်တာနက်ပေါ်ရှိ စောင့်ဆိုင်းရန်အခန်းအတွင်း နေရာချထားပေးမည်ဖြစ်သည်။ ဝန်ဆောင်မှုပေးသူသည် သင့်အချက်အလက်ကို သုံးသပ်ပြီးနောက်တွင် အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုတွင် တက်ရောက်ပေးပါမည်။


- အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှု မပြီးဆုံးမီအထိ KidCare Anywhere စခရင်မှ ထွက်ခြင်း သို့မဟုတ် စခရင်ကို ချုံ့ခြင်း မလုပ်ပါနှင့်။




# သင်၏ KidCare Anywhere ရက်ချိန်းသို့ တက်ရောက်ခြင်း

## ခေါ်ဆိုမှုအတွင်း ညွှန်ကြားချက်များ

- **ကင်မရာနှင့် မိုက်ခရိုဖုန်း**
  - ○ သင့်ကင်မရာနှင့် မိုက်ခရိုဖုန်း ဖွင့်ထားပြီး ဖြစ်ပါစေ။ ၎င်းတို့အား ဖွင့်ရန်နှင့် ပိတ်ရန် ခလုတ်များကို နှိပ်ပါ။

    • ဖွင့်



    • ပိတ်



  - ○ ကင်မရာနှင့် မိုက်ခရိုဖုန်း ပြောင်းရန် Settings ခလုတ်ကို နှိပ်ပါ။



- **စာပို့ရန်**
  - ○ အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသနေစဉ်အတွင်း ဝန်ဆောင်မှုပေးသူထံသို့ စာသား မက်ဆေ့ချ် ပို့နိုင်သည်။
  - ○ စာပို့ရန်အတွက် Chat ခလုတ်ကို နှိပ်ပါ။ ပေးပို့လိုသော မက်ဆေ့ချ် ရိုက်ပြီး Send ကို နှိပ်ပါ။




- **အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှု အဆုံးသတ်ခြင်း**
  - ○ အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုကို အဆုံးသတ်ရန် End Call ခလုတ်ကို နှိပ်ပါ။




  - ○ အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသရန် ခေါ်ဆိုမှု အဆုံးသတ်ပြီးချိန်၌ ပြန်လည်ဝင်ရောက်လိုပါက သင့်ထံ အီးမေးလ် သို့မဟုတ် စာတိုမှတစ်ဆင့် ပေးပို့ထားသော လင့်ခ်ကိုနှိပ်၍ ပြန်လည်ဝင်ရောက်ပေးပါ။ အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှု ပြီးဆုံးပြီးနောက် 5 မိနစ်အတွင်းသာ ထိုလင့်ခ်မှတစ်ဆင့် ဝင်ရောက်နိုင်ပါသည်။

## ပြစ်ချက်ရှာခြင်း

- ကင်မရာနှင့် မိုက်ခရိုဖုန်း ပြဿနာများ ကြုံတွေ့နေရသည်။
  - သင်၏ အင်တာနက်ဘရောက်ဇာကို သင့်မိုက်ခရိုဖုန်းနှင့် ကင်မရာ အသုံးပြုခွင့်ပေးထားပြီး ဖြစ်ပါစေ။
  - Google Chrome permission settings-


1. KidCare Anywhere စာမျက်နှာပေါ် ရောက်နေချိန်တွင် ရှာဖွေရေးဘား၏ ဘယ်ဘက်ရှိ Permissions သို့မဟုတ် ကင်မရာ ခလုတ်ကို နှိပ်ပါ။





2. ကင်မရာ၊ မိုက်ခရိုဖုန်းနှင့် အသံ ခလုတ်များကို ဖွင့်ထားပြီး ဖြစ်ပါစေ။

  - Safari permission settings-

1. KidCare Anywhere စာမျက်နှာပေါ် ရောက်နေချိန်တွင် ရှာဖွေရေးဘား၏ ဘယ်ဘက်ရှိ Permissions ခလုတ်ကို နှိပ်ပါ။ ထို့နောက် Website Setting ကို နှိပ်ပါ





2. Permissions ၌ Ask သို့မဟုတ် Allow သတ်မှတ်ထားပြီး ဖြစ်ပါစေ။ ထိုအရာကို ပြောင်းလဲရန် Selection ကို နှိပ်ပါ။



# သင်၏ KidCare Anywhere ရက်ချိန်းသို့ တက်ရောက်ခြင်း

Children's Mercy KANSAS CITY

- **အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသရန် လင့်ခ်ကို ရှာမတွေ့ပါ။**
  - **ဝင်ရောက်ရန်လင့်ခ်ကို အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမည့်အချိန်မရောက်မီ သင့် အီးမေးလ်နှင့် ဖုန်းသို့ 3 ကြိမ်တိုင်တိုင် ပို့ထားပါသည်။**
    - **ရက်ချိန်းရောက်ချိန်**
    - **ရက်ချိန်းမရောက်မီ 24 နာရီအလို**
    - **ရက်ချိန်းမရောက်မီ 15 မိနစ်အလို**
- **ထိုပေးပို့ထားသော လင့်ခ်ကို အခြားသူများထံ မမျှဝေပေးပါနှင့်။ ဤလင့်ခ်ကို လူပုဂ္ဂိုလ် 1 ဦးသာ ဝင်ရောက်သုံးစွဲနိုင်ပါသည်။ အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုတွင် အခြားသူများ ပါဝင်တက်ရောက်လိုပါက ဆေးခန်းပြသမှုစတင်သည်နှင့် ဝန်ဆောင်မှုပေးသူအား ပြောပြပေးပါ။**
- **သင့်စာတို သို့မဟုတ် အီးမေးလ်တွင် “Visitnow” ကို ရိုက်ထည့်ပြီး ရှာပါ။**
    - **သင့် Junk သို့မဟုတ် Spam အီးမေးလ် ဖိုင်တွဲများတွင် သေချာစစ်ဆေးပါ**




**နည်းပညာဆိုင်ရာ အကူအညီရယူလိုပါက (816) 302-7895 သို့ ဖုန်းခေါ်ပါ**

**သင့်ရက်ချိန်းကို ပြန်လည်ချိန်းဆိုရန် (816) 234-3700 သို့ ဖုန်းခေါ်ပါ**